## Export Endorsement and Health Certificate for Fish and Fishery Products


Category Export

Department of Fisheries

Ministry of Agriculture, Livestock and Irrigation

Procedure for Obtaining Export Endorsement and Health Certificate

For Fish Meat and Fishery Products



Summary Procedure for obtaining export endorsement and health certificate for fish and fishery products from the Department of Fisheries under the Ministry of Agriculture, Livestock and Irrigation.

Description

*print*Print

**Department of Fisheries**

**Ministry of Agriculture, Livestock and Irrigation**

**Procedure for Obtaining Export Endorsement and Health Certificate (HC) for Fish and Fishery Products**

**Step (1)**

A person exporting fish and fishery products shall apply a recommendation endorsement and Health Certificate (HC) to the Quality Control and Research Section (QCRS) under the Research and Development Division, Department of Fisheries along with the following supporting documents -

a. Application letter with Company letter and signed by company's managing director (or) director
b. Recommendation letter of Processing Establishment (origin)
c. Proforma Invoice (origin)
d. Sales Contract (origin)
e. Packing List (origin)
f. Export Declaration Form (copy)
g. Copy of company registration issued by Directorate of Investment and Company Administration (copy)
h. Export/Import License that obtained from the Ministry of Commerce (copy)
i. Receipt copy of micro testing fees

j. Receipt copy of chemical testing fees
k. Receipt copy of Physical inspection fees

**Step (2)**

DOF shall check and review on the completeness of the application and register the documents. For the incomplete and incorrect application, DOF informs the exporter with reason. The exporter corrects, completes and resubmits the documents. If application is rejected, the process shall end here. For the correct and complete application, within three hours, the DOF will send the export endorsement to the Customs Department.

**Step (3)**

For the application of the Health Certificate, the QCRS under the DOF shall check and monitor the exportation of fish and fishery products. QCRS will conduct microbiological testing, chemical testing, and physical inspection of the fish and fishery products. The exporter must pay all the testing and inspection fees as described by the DOF. After all the successful test result, QCRS will provide health certificate for the exportation of the fish and fishery products.

Note:

- The export endorsement process will take one day if document is completed.
- The lab test shall take 7 to 10 days.
- The health certificate process will take one day if document is completed.
- The exporter is required to pay the lab testing (including micro, chemical and physical) fees as determined by the DOF.
- The exporter must comply with the establishments of the infrastructural/hygienic requirements and other food safety requirements for the process control purpose and importing countries requirements.
- The exporter must comply with law, directive, regulation of related ministries and DOF, MOALI.
- The exporters who apply for the health certificate must know the requirement of the importing country.

**Forms**

The following form/s are used in this procedure.

# ရေထွက်ကုန်ပစ္စည်းများအတွက် တင်ပို့ခွင့် ထောက်ခံချက် နှင့် ကျန်းမာရေး ထောက်ခံချက်


ကဏ္ဍ Export

Department of Fisheries

Ministry of Agriculture, Livestock and Irrigation

Procedure for Obtaining Export Endorsement and Health Certificate

For Fish Meat and Fishery Products



| | |
|---|---|
| အကျဉ်းချုပ် | ရေထွက်ကုန်ပစ္စည်းများအတွက် တင်ပို့ခွင့် ထောက်ခံချက် နှင့် ကျန်းမာရေး ထောက်ခံချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနတွင် လျှောက်ထားရယူခြင်း။ |
| အကြောင်းအရာ | **ငါးလုပ်ငန်းဦးစီးဌာန** |

*print*Print

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ရေထွက်ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် လိုက်နာလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ**

**အဆင့်(၁)**

ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့လိုသူသည် တင်ပို့ခွင့် ထောက်ခံချက် နှင့် ကျန်းမာရေး ထောက်ခံချက်ကို အောက်ဖော်ပြပါ ပူးတွဲပါစာရွက်စာတမ်းများ နှင့် တကွ အရည်အသွေးထိန်းသိမ်းရေးနှင့် သုတေသနဌာနစုတွင် လျှောက်ထားရယူရပါမည် -

(က) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနသို့ လိပ်မူ ထားသည့်ကုမ္ပဏီ (Letterhead) ဖြင့် ကုမ္ပဏီ မန်းနေဂျင်းဒါရိုက်တာ(သို့မဟုတ်)ဒါရိုက်တာ လက်မှတ်ရေးထိုးထားသော လျှောက်လွှာ။

(ခ) ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့်စက်ရုံ၏ ဝန်ခံကတိ (မူရင်း)

(ဂ) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice) (မူရင်း)

(ဃ) ကုန်အရောင်းအဝယ်စာချုပ် (Sale Contract) (မူရင်း)

(င) ကုန်ထုပ်ပိုးမှုစာရင်း(မူရင်း)

(စ) ပို့ကုန်ကြေငြာလွှာ (မိတ္တူ)

(ဆ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မှထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်။ (မိတ္တူ)

(ဇ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှရရှိထားသောပို့ကုန်/သွင်းကုန် လိုင်စင် (မိတ္တူ)

(ဈ) Micro စစ်ဆေးခပေးသွင်းထားသည့် ပြေစာမိတ္တူ

(ည) Chemical စစ်ဆေးခ ပေးသွင်းထားသည့် ပြေစာမိတ္တူ

(ဋ) Physical စစ်ဆေးခ ပေးသွင်းထားသည့် ပြေစာမိတ္တူ

**အဆင့်(၂)**

ငါးလုပ်ငန်းဦးစီးဌာနမှ လျှောက်လွှာများအားပြည်စုံမှန်ကန်မှုရှိ/မရှိကို စစ်ဆေးပြီး စာရင်းမှတ်တမ်းရေးသွင်းမည်ဖြစ်သည်။ပြည့်စုံမှန်ကန်မှုမရှိသော လျှောက်လွှာများကို လျှောက်ထားသူထံသို့ ဌာနမှ အကြောင်းကြား မည်ဖြစ်သည်။ လျှောက်ထားသူမှ လျှောက်လွှာများကို မှန်ကန်အောင်ပြင်ဆင်ဖြည့်စွက်၍ ပြန်လည်တင်ပြရမည် ဖြစ်သည်။ လျှောက်လွှာကို ငြင်းဆိုခံရပါက ဤအဆင့်တွင်ပြီးဆုံးမည်ဖြစ်သည်။ ပြည့်စုံမှန်ကန်သောလျှောက်လွှာများအတွက်သုံးနာရီအတွင်း ငါးလုပ်ငန်းဦးစီး ဌာနမှ ထောက်ခံအတည်ပြုချက်ကို မြန်မာ့အကောက်ခွန်ဌာနသို့ ပေးပို့မည်ဖြစ်သည်။

**အဆင့်(၃)**

ကျန်းမာရေးထောက်ခံချက်လျှောက်ထားရာတွင် အရည်အသွေးထိန်းသိမ်းရေးနှင့် သုတေသနဌာနစု (QCRS) မှ ရေထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်းအတွက် စစ်ဆေးကြီးကြပ် မည်ဖြစ်သည်။ ထို့နောက် QCRS မှ ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်း၊ ဓါတုပါဝင်မှုစစ်ဆေးခြင်းနှင့် အန္တရာယ်ဖြစ်စေသောရောဂါပိုးမွှားများအား အဏုစိပ် စစ်ဆေးခြင်းများကို ပြုလုပ် မည်ဖြစ်သည်။ စစ်ဆေးခများအတွက် ကုန်ကျစရိတ်ကို လျှောက်ထားသူမှကျခံရမည်ဖြစ်သည်။ အောင်မြင်သောစစ်ဆေးမှု ရလာဒ်များအ တွက် QCRS မှကျန်းမာရေးထောက်ခံချက် ထုတ်ပေးမည်ဖြစ်သည်။

**မှတ်ချက်**

- တင်ပို့ခွင့်ထောက်ခံချက်လုပ်ငန်းစဉ်အား စာရွက်စာတမ်းများ ပြည်စုံမှန်ကန် ပါက (၁) ရက် ကြာမြင့်နိုင်ပါသည်။
- ဓါတ်ခွဲရလဒ်စစ်ဆေးခြင်းလုပ်ငန်းစဉ်အား (၇) ရက်မှ (၁၀) ရက် ကြာမြင့်နိုင်ပါသည်။
- ကျန်းမာရေးထောက်ခံချက်လုပ်ငန်းစဉ်အား စာရွက်စာတမ်းများ ပြည်စုံ မှန်ကန်ပါက (၁) ရက် ကြာမြင့်နိုင်ပါသည်။


- ဌာနမှသတ်မှတ်ထားသောဓာတ်ခွဲစစ်ဆေးခများအတွက် တင်ပို့သူမှ ပေးဆောင်ရမည် ဖြစ်သည်။
- တင်ပို့သူသည် တင်သွင်းနိုင်ငံများ၏ လိုအပ်ချက်များနှင့်အညီ အစားအသောက်ဆိုင်ရာ လုံခြုံစိတ်ချမှုဘေးအန္တရာယ်ကင်းစေရေးဆိုင်ရာ လိုအပ်ချက်များအတွက် သန့်ရှင်းမှု၊ နေရာအဆောက်အအုံသတ်မှတ်ချက်များ ရေထွက်ကုန်ပစ္စည်းများ ပြင်ဆင်ထုတ်လုပ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာလုပ်ဆောင်ရမည်။
- တင်ပို့သူမှ ဥပဒေ၊ ညွှန်ကြားချက်၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် ဥပဒေ/နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ HACCP လုပ်ဆောင်ရပါမည်။
- လျှောက်ထားသူသည် တင်သွင်းနိုင်ငံများ၏ လိုအပ်ချက်များနှင့်အညီ ကျန်းမာရေးထောက်ခံ ချက်လက်မှတ်အား လျှောက်ထားရမည်ဖြစ်သည်။

**ပုံစံများ**

The following form/s are used in this procedure.

# Import Recommendation for Fish and Fishery Products

Category Import



| | |
|---|---|
| Summary | Procedure for obtaining Import Recommendation for fish and fishery products from the Department of Fisheries under the Ministry of Agriculture, Livestock and Irrigation. |
| Description *print*Print | **Department of Fisheries** |

**Ministry of Agriculture, Livestock and Irrigation**

**Procedure for the Importation of Fish and Fishery Products**

**Step (1)**

A person importing fish and fishery products for human consumption shall apply import recommendation certificate to the Department of Fisheries (DOF) along with the following supporting documents -

a. Application letter with Company letterhead that mentioned import country, product, mode of transportation
b. Copy of Health Certificate issued by the overseas Competent Authority
c. Country of Origin (copy)
d. Sanitary Certificate (copy)
e. Proforma Invoice (origin)
f. Packing List (origin)
g. Sale Contract (origin)
h. Copy of company registration issued by Directorate of Investment and Company Administration
i. Export/Import License Copy (to present after importation)

**Step (2)**

The Quality Control and Research Section (QCRS) under the Department of Fisheries shall check and review on the completeness of the application and register the documents. For the incomplete and incorrect application, QCRS informs the importer with reason. The importer corrects, completes and resubmit the documents. If application is rejected, the process ends here. For the complete and correct application, the QCRS shall issue the Import Recommendation letter and use in Trade Net 2.0 system. After receiving the import recommendation letter from the DOF, the importer shall continue to apply the import license at the Ministry of Commerce. The DOF will send recommendation letter to the Department of Trade, Ministry of Commerce.

**Step (3)**

Upon the arrival to the designated port or border gate of Myanmar, the importer shall submit the Import Declaration and relevant documents to the Customs Department by using the Myanmar Automated Cargo Clearance System (MACCS) and the importer will send the sample fish and fishery products to the DOF for physical and

laboratory examination. The QCRS officials will test the sample according to the guidelines.

**Step (4)**

If the test report from the laboratory is provided with the result free from the pathogens or harmful diseases, DOF shall issue the result to the importer via the MACCS by sending the "Agree" notice. The cost of lab testing shall be borne by the importer. If necessary, the QCRS officials will communicate with the overseas Competent Authority for the results.

**Remark-**

- The overall application process will take 5 or 7 working days.
- The lab test for the microbiological test of five pathogens shall take 5 working days.
- The laboratory testing fees shall be cost 50,000 Kyats (Fifty thousand kyats) but if the imported products are needed to test of another pathogens, the cost will be more.

## Forms

The following form/s are used in this procedure.


# ရေထွက်ကုန်ပစ္စည်းများအတွက် တင်သွင်းခွင့် ထောက်ခံချက်

ကဏ္ဍ　　Import

Department of Fisheries

Ministry of Agriculture, Livestock and Irrigation

Procedure for Obtaining Import Recommendation for Fish Meat and Fishery Products




အကျဉ်းချုပ်　　ရေထွက်ကုန်ပစ္စည်းများအတွက် တင်သွင်းခွင့် ထောက်ခံချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနတွင် လျှောက်ထား ရယူခြင်း။

# ငါးလုပ်ငန်းဦးစီးဌာန

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ရေထွက်ကုန်ပစ္စည်းများကို ပြည်တွင်းသို့တင်သွင်းရာတွင် လိုက်နာလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ

**အဆင့် (၁)**

ရေထွက်ကုန်ပစ္စည်းများကို စားသုံးရန်အတွက် ပြည်တွင်းသို့တင်သွင်းလိုသူသည် တင်သွင်းခွင့်ထောက်ခံချက်ကို အောက်ဖော်ပြပါ ပူးတွဲစာရွက်စာတမ်းများနှင့်တကွ ငါးလုပ်ငန်းဦးစီးဌာနတွင် လျှောက်ထားရယူရပါမည် -

(က) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနသို့ လိပ်မူ ထားသည့်ကုမ္ပဏီ (Letterhead) ဖြင့် ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ(သို့)ဒါရိုက်တာ လက်မှတ်ရေးထိုးထားသော လျှောက်လွှာနှင့် တင်သွင်းမည့်နိုင်ငံ၊ တင်သွင်းမည့် ရေထွက်ပစ္စည်းအမျိုးအစား၊ တင်ဆောင်လာမည့် အမျိုးအစားတို့အား ထည့်သွင်း ဖော်ပြရန်။

(ခ) တင်ပို့လာမည့်နိုင်ငံမှအခွင့်အာဏာရှိသူမှထုတ်ပေးသည့် ကျန်းမာရေးထောက်ခံချက် မိတ္တူ (Health Certificate)

(ဂ) ပင်ရင်းနိုင်ငံလက်မှတ် (မိတ္တူ)

(ဃ) ကျန်းမာရေးလက်မှတ် (Sanitary Certificate) (မိတ္တူ)

(င) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice) (မူရင်း)

(စ) ကုန်ထုပ်ပိုးမှုစာရင်း (မူရင်း)

(ဆ) ကုန်အရောင်းအဝယ်စာချုပ် (Sale Contract) (မူရင်း)

(ဇ)ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)

(ဈ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပေးသော ပို့ကုန်/သွင်း ကုန် လိုင်စင် (မိတ္တူ)

**အဆင့်(၂)**

ငါးလုပ်ငန်းဦးစီးဌာန၏ အရည်အသွေးထိန်းသိမ်းရေးနှင့် သုတေသနဌာနစုမှ လျှောက်လွှာများအား ပြည်စုံမှန်ကန်မှုရှိ/မရှိကို စစ်ဆေးပြီး စာရင်းမှတ်တမ်းရေးသွင်းမည်ဖြစ်သည်။ ပြည့်စုံမှန်ကန်မှုမရှိသော လျှောက်လွှာများကို လျှောက်ထားသူထံသို့ ဌာနမှ အကြောင်းကြားမည်ဖြစ်သည်။ လျှောက်ထားသူမှလျှောက်လွှာများကို မှန်ကန်အောင် ပြင်ဆင်ဖြည့်စွက်၍ ပြန်လည်တင်ပြရမည် ဖြစ်သည်။ လျှောက်လွှာကို ငြင်းဆိုခံရပါက ဤအဆင့်တွင်ပြီးဆုံးမည်ဖြစ်သည်။ ပြည့်စုံမှန်ကန်သော လျှောက်လွှာရှင်များကို ဌာနမှ တင်သွင်းခွင့်ထောက်ခံချက်အား Trade Net 2.0 စနစ်ကို အသုံးပြု၍ ထုတ်ပေးမည်ဖြစ်သည်။ ငါးလုပ်ငန်းဦးစီးဌာနမှ တင်သွင်းခွင့်ထောက်ခံချက်ရရှိသောသူသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေးဦးစီးဌာနတွင် တင်ပို့/တင်သွင်းခွင့်လိုင်စင်ကို ဆက်လက်လျှောက်ထားနိုင်မည်ဖြစ်သည်။

**အဆင့်(၃)**

မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော ဆိပ်ကမ်း သို့မဟုတ် နယ်စပ်စခန်းများသို့ တင်သွင်းခွင့်ရရှိပြီး ရောက်ရှိလာသော ရေထွက်ပစ္စည်းများကို သွင်းကုန် ကြေငြာလွှာ လုပ်ဆောင်ရန်အတွက် အကောက်ခွန်ဌာနသို့ လိုအပ်သည့် စာရွက်စာတမ်းများကို စစ်ဆေးနိုင်ရန် အကောက်ခွန် ရှင်းလင်းရေးစနစ် (MACCS) မှတဆင့်တင်ပြရမည်ဖြစ်သည်။ ငါးလုပ်ငန်းဦးစီးဌာနသို့ ဓါတ်ခွဲစစ်ဆေးနိုင်ရန် နမူနာကို ပေးပို့ရမည်ဖြစ်သည်။ စစ်ဆေးရေးအရာရှိမှ ရေထွက်ပစ္စည်းများကို လိုအပ်ချက်နှင့် အညီစစ်ဆေးသွားမည်ဖြစ်သည်။

**အဆင့်(၄)**

စားသုံးရန်အတွက် စိတ်ချရပြီး ရောဂါကင်းရှင်းသော ရေထွက်ပစ္စည်းများအတွက် ဌာနမှ ကျန်းမာရေး ထောက်ခံ ချက် (Health Certificate) အကောက်ခွန်ရှင်းလင်းရေးစနစ် MACCS မှတဆင့် နိုင်ငံတွင်း ဆက်လက် တင်သွင်း ခွင့်ကို သဘောတူကြောင်း "Agree" ရလာဒ်ကို ပေးပို့မည် ဖြစ်သည်။ ဓါတ်ခွဲစစ်ဆေးမှုအတွက် ကျသင့်သော ကုန်ကျစရိတ်များကို တင်သွင်းလာသူမှ ကျခံရမည်ဖြစ်သည်။ လိုအပ်ပါကရလာဒ်များအတွက် တင်ပို့လာမည့်နိုင်ငံမှ အခွင့်အာဏာရှိသူထံသို့ဆက်သွယ် အကြောင်းကြား ဆောင်ရွက်သွားမည် ဖြစ်သည်။

**မှတ်ချက်**

- ဖြစ်စဉ်တစ်ခုလုံးအတွက် လျှောက်ထားချိန်မှစ၍ ၅ (သို့) ၇ ရက်ကြာမြင့်နိုင်သည်။
- Microbiological စစ်ဆေးမှုမှ pathogens ငါးမျိုးအတွက် အချိန် ၅ ရက်ခန့်ကြာမြင့်မည်ဖြစ်သည်။
- ဓါတ်ခွဲစိစစ်မှုအတွက် ကုန်ကျစရိတ် ၅၀,၀၀၀ ကျသင့်မည်ဖြစ်ပြီး အကယ်၍ တင်သွင်းလာသည့်အမျိုးအစားပေါ်မူတည်၍ ထပ်မံစစ်ဆေးရန်လိုအပ်ပါက စစ်ဆေးခထပ်မံကုန်ကျမည်ဖြစ်ပါသည်။

**ပုံစံများ**

The following form/s are used in this procedure.